# ကုန်ပေးသွင်းသူ အတွက် လမ်းညွှန် မူဝါဒများ

The Coca-Cola Company

## ကိုကာကိုလာ ကုမ္ပဏီ၏ တန်ဖိုးနှင့်သံမိဌာန်များ

ကိုကာကိုလာ ကုမ္ပဏီ၏ အမည်ကို ယုံကြည်မှုနှင့် လေးစားမှုအားဖြင့် တည်ဆောက်ထားသည်။ မိမိတို့၏ ဝန်ထမ်းများနှင့် ကမ္ဘာတစ်ဝှမ်းမှ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များသည် အမြင့်မားဆုံး စံချိန်စံညွှန်းကို ဖော်ဆောင်သော အရည်အသွေးများ၊ တည်တံ့ခိုင်မြဲမှု၊ အကောင်းဆုံးဖြစ်မှု၊ ဥပဒေနှင့် ညီညွတ်မှု နှင့် လူ့အခွင့်အရေးနှင့် လူ့ အသိုင်းအဝိုင်းရှိ ထူးခြားသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအပေါ် လေးစားမှုများဖြင့် သူတို့၏ ယုံကြည်မှုကို ရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်ကြောင်းကို သိရှိကြသည်။

မိမိတို့ ကုမ္ပဏီသည် စီးပွားရေးအရ တာဝန်ခံမှုနှင့် ကျင့်ဝတ်များကို ဖော်ဆောင်ရန် အစဉ်ကြိုးပမ်းလျှက်ရှိသည်။ မိမိတို့သည် ကုလသမဂ္ဂ ကြေညာစာတမ်းပါ လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်၏ ကြေညာချက်ပါ အခြေခံ မူဝါဒများနှင့် လုပ်ငန်းခွင် အခွင့်အရေးများ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး အခြေခံများကို လေးစားပါသည်။ မိမိတို့သည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ စုစည်းမှုတွင် တက်ကြွစွာ ပါဝင်သည်။ အဆိုပါ လုပ်ငန်းခွင် တန်ဖိုးများကို ကုမ္ပဏီ၏ လူ့အခွင့်အရေး ကြေညာချက်နှင့် လုပ်ငန်းခွင် အခွင့်အရေး မူဝါဒများတွင် ထည့်သွင်းထားသည်။

အဆိုပါ နိုင်ငံတကာ အခြေခံမှုများကို အသိအမှတ်ပြုခြင်းသည် လုပ်ငန်းခွင် တိုးတက်မြင့်မားရေး၊ လူ့အခွင့်အရေးအားလုံး လေးစားမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မိမိတို့ လုပ်ငန်းလုပ်ဆောင်ရာ လူ့အသိုင်းအဝန်းများကို အားဖြည့်မြှင့်တင်ခြင်းတို့နှင့် တစ်ထပ်တည်းကျစေသည်။

## ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒများသည် - ကုမ္ပဏီ၏ တန်ဖိုးများကို ထင်ဟပ်စေသည်။

ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒများ (SGP) သည် ကိုကာကိုလာ ကုမ္ပဏီ၏ လူ့အခွင့်အရေးနှင့် လုပ်ငန်းခွင် တာဝန်ယူမှု အစီအစဉ်များအတွက် အချက်အချာကျသော ဒေါက်တိုင်များ ဖြစ်သည်။ ဤအစီအစဉ်များကို ကောင်းမွန်သော လုပ်ငန်းခွင် ဆက်ဆံရေးကို မိမိတို့၏ ရေရှည် စီးပွားရေး အောင်မြင်မှုအတွက် မရှိမဖြစ် အရေးပါပြီး မိမိတို့၏ ဆက်ဆံရေးများနှင့် မိမိတို့၏ လုပ်ငန်းခွင်နှင့် မိမိတို့ စီးပွားအတွက် တာဝန်ခံ၍ တိုက်ရိုက် ဖြန့်ဝေသူများ၏ လုပ်ငန်းခွင်များကို ထင်ဟပ်သည်ဟူသော ယုံကြည်ချက်က မောင်းနှင်စေသည်။

ဥပဒေများ၊ ထုံးစံများနှင့် စီးပွားရေး အခြေအနေ ကွဲပြားမှုများသည် ကမ္ဘာတစ်ဝှမ်းတွင် စီးပွားရေး လုပ်ငန်း ဆောင်ရွက်ပုံနှင့် သက်ရောက်မှုရှိခြင်းကို အသိအမှတ်ပြုပြီး လူ့အခွင့်အရေး အားလုံးအား လေးစားရန် သံမိဌာန်မှ အစပြု၍ မျှဝေထားသော တန်ဖိုးများသည် ကိုကာကိုလာ ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ကုန်ပေးသွင်းသူများအကြား ဆက်ဆံရေး၏ အခြေခံ အုတ်မြစ်ဖြစ်ရမည်ဟု ယုံကြည်သည်။ ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒများသည် မိမိတို့၏ တန်ဖိုးများနှင့် မျှော်လင့်ချက်များကို ဆက်နွယ်စေပြီး အနည်းဆုံး သဘာဝပတ်ဝန်းကျင် ဥပဒေများနှင့် ဒေသတွင်းရှိ အလုပ်သမား ဥပဒေများ လုပ်ထုံးလုပ်နည်းများကို လိုက်နာမှု ရှိသည့် တာဝန်ခံမှု ရှိသော လုပ်ငန်းခွင်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ အရေးပါမှုကို အားဖြည့်ပေးသည်။ အောက်တွင် ဖော်ပြထားသော မူဝါဒများသည် မိမိတို့၏ ကိုယ်ပိုင်မူဝါဒများကို ထိန်းသိမ်းသည့် တန်ဖိုးများကို ထင်ဟပ်ပြီး ကျွန်ုပ်တို့ အနေဖြင့် မိမိတို့၏ တိုက်ရိုက် ကုန်ပေးသွင်းသူများအနေဖြင့်လည်း လမ်းညွှန်မူဝါဒများ၏ စိတ်ဓါတ်နှင့် သံမိဌာန်ကို လိုက်နာခြင်းဖြင့် လူ့အခွင့်အရေးများအားလုံးကို လေးစားမှု ပြုမည်ဟု မျှော်လင့်သည်။

©၂၀၁၁ Coca-Cola ကုမ္ပဏီ

### အဖွဲ့အစည်း လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းနိုင်သည့် အခွင့်အရေးများ

အလုပ်သမား သမဂ္ဂများတွင် အလုပ်သမားများ၏ ပါဝင်ခွင့်၊ ဖွဲ့စည်းခွင့် သို့မဟုတ် မပါဝင်ပဲ နေခွင့်တို့ကို လေးစားပြီး အပြစ်ပေး အရေးယူမှု၊ အနိုင်ကျင့်မှု သို့မဟုတ် စော်ကားမှုများအပေါ် စိုးရိမ်ခြင်းများမရှိစေရ။ အလုပ်သမားများ အနေဖြင့် တရားဝင် အသိအမှတ်ပြုထားသော သမဂ္ဂကို ကိုယ်စားပြုသည့်၊ ယင်းတို့က လွတ်လပ်စွာ ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် အပြုသဘောဆောင်သော ဆွေးနွေးမှုပြုပြီး ယင်းကိုယ်စားလှယ်များက ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းကို ဆိုလိုသည်။

### ကလေး အလုပ်သမားကို တားမြစ်ခြင်း

သက်ဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံး အသက်သတ်မှတ်ချက်ကို လိုက်နာမည်။

### အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် လုပ်အားခေါင်းပုံဖြတ်ခြင်းကို တားမြစ်ခြင်း

အလုပ်သမားများ၏ ကာယလုပ်အားကို ခေါင်းပုံဖြတ်ခြင်းကို တားမြစ်ပြီး ထောင်သားများအား အလုပ်ခိုင်းစေခြင်း၊ မလုပ်မနေရ လုပ်အား ခိုင်းစေခြင်း၊ အကြွေးတင်မှုအပေါ် လုပ်အားခိုင်းစေခြင်း၊ စစ်တပ် လုပ်အား ခိုင်းစေခြင်း၊ ကျွန်ပြု လုပ်အားခိုင်းစေခြင်း သို့မဟုတ် လူကုန်ကူးမှု ပုံစံ တစ်မျိုးမျိုးဖြင့် လုပ်အားခိုင်းစေခြင်း အပါအဝင် အဓမ္မအလုပ်စေခိုင်းခြင်း ပုံစံအားလုံးကို တားမြစ်သည်။

### ခွဲခြားဆက်ဆံမှု ဖယ်ရှားခြင်း

လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ကိုယ်ခန္ဓာ သို့မဟုတ် အပြောအဆိုအားဖြင့် ညှင်းပမ်းမှု အားလုံးကို ကင်းရှင်းအောင် ထိန်းသိမ်းသည်။ လူအသစ် ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ အစားထိုးခြင်း၊ သင်တန်းပေးခြင်း၊ လျော်ကြေးပေးခြင်းနှင့် ရာထူးတိုးခြင်းတို့သည် အရည်အသွေး၊ လုပ်ဆောင်မှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကို အခြေခံရမည်။

### အလုပ်ချိန်များနှင့်လုပ်ခလစာများ

စက်မှုလုပ်ငန်းနှင့် ဒေသတွင်း အလုပ်သမား ဈေးကွက်နှင့် အညီ အလုပ်သမားများအား လုပ်ခပေးရမည်။ သက်ဆိုင်ရာ လုပ်အားခ၊ အလုပ်ချိန်၊ အချိန်ပိုနှင့် ခံစားခွင့် ဥပဒေများနှင့်အညီ ပြည့်စုံစွာ လိုက်နာပြီး အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ဆောင်နိုင်စွမ်း ဖြည့်ဆည်းခြင်းနှင့် ဖြစ်နိုင်သည့် အခြေအနေများတွင် ရာထူးတိုးမြှင့်ခွင့် အခွင့်အလမ်းများ ပေးအပ်ရမည်။

### လုံခြုံပြီးကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်ကို ဖန်တီးခြင်း

လုံခြုံဘေးကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်ကို ဖန်တီးပေးရမည်။ မတော်တဆ ထိခိုက်မှု အန္တရာယ်များ၊ ဒဏ်ရာရခြင်းများနှင့် ကျန်းမာရေး အန္တရာယ် အနည်းဆုံး ဖြစ်ရန် ဖန်တီးခြင်းဖြင့် ထုတ်လုပ်မှု အားကောင်းသော လုပ်ငန်းခွင်ကို ထိန်းသိမ်းထားရမည်။

### သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း

စီးပွားရေးလုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သော နည်းလမ်းများဖြင့် လုပ်ဆောင်ရမည်။ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

### စီးပွားရေးတည်တံ့ခိုင်မြဲမှု

စီးပွားရေး လုပ်ဆောင်ရာတွင် တည်တံ့ခိုင်မြဲမှုရှိခြင်း၊ သက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်းနှင့် လာဒ်ပေးလာဘ်ယူမှုနှင့် မသမာမှုများ ရှောင်ကျဉ်ခြင်းတို့ဖြင့် လုပ်ဆောင်ရမည်။

### တိုင်ကြားမှုလုပ်ငန်းစဉ်နှင့်ဖြေရှင်းချက်

တိုင်ကြားလိုမှုများကို အရေးယူမည်ကို စိုးရိမ်ခြင်းမရှိပဲ ဖော်ပြနိုင်သည့် လုပ်ထုံးလုပ်နည်း များကို ပေးအပ်ထားရမည်ဖြစ်ပြီး လိုအပ်ချက်များကို အချိန်မီ လုံလောက်စွာ ဖြေရှင်းပေးရမည်။

### စီမံခန့်ခွဲမှု စံနစ်များ

လုပ်ငန်းများကို ထိန်းချုပ်ကွပ်ကဲရန်အတွက် ဥပဒေနှင့် ညီညွတ်ပြီး လူ့အခွင့်အရေးများကို လေးစားလိုက်နာသော လုံလောက်ပြီး ထိရောက်မှုရှိသည့် စံနစ်များ ထားရှိရမည်။

# ကုန်ပေးသွင်းသူ လမ်းညွှန်မှုဝါဒများ

## သက်ဆိုင်ရာ ဥပဒေများ၊ စံချိန်စံညွှန်းများနှင့် ညီညွတ်ရမည်။

ကုန်ပေးသွင်းသူသည် မိမိတို့၏ လူ့အခွင့်အရေးများ အားလုံးကို လေးစားလိုက်နာသည့် သံမိဋ္ဌာန်ကို ဝေမျှလိုက်နာမည်ဟု မျှော်လင့်သည်။ ကိုကာကိုလာ ကုမ္ပဏီအား ပေးသွင်းသူများနှင့် ကိုကာကိုလာ ကုမ္ပဏီက အခွင့်အာဏာပေးထားသော ဖြန့်ဝေသူများသည် အနည်းဆုံး အနေဖြင့် ယင်းတို့၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် အောက်ပါ စံချိန်စံညွှန်းများကို ပြည့်မီရန် လိုအပ်သည်။

**ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ**

ကုန်ပေးသွင်းသူသည် မိမိတို့၏ ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်းနှင့်ဖြန့်ချီခြင်း ပြုလုပ်ရာတွင် လိုအပ်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

**ကလေး လုပ်အား**

ကုန်ပေးသွင်းသူသည် သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ကလေးလုပ်သားဆိုင်ရာ ဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

**အဓမ္မခိုင်းစေသောလုပ်သား**

ကုန်ပေးသွင်းသူသည် အတင်း အဓမ္မလုပ်အား၊ အကြွေးအပေါ် အခြေခံသောလုပ်အား၊ ထောင်ကျသူများအားခိုင်းစေခြင်း၊ စစ်တပ် လုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားခိုင်းစေမှု သို့မဟုတ် တစ်နည်းနည်းဖြင့် လူကုန်ကူးမှုမြောက်သော လုပ်အားခိုင်းစေမှုများ ကို အသုံးမပြုရ။

**အလုပ်သမား အပေါ်ခေါင်းပုံဖြတ်ခြင်း**

ကုန်ပေးသွင်းသူသည် အလုပ်သမားများကို ခေါင်းပုံဖြတ်ခြင်းနှင့်ဆိုင်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့်ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ပြီး ကိုယ်ခန္ဓာညှင်းပမ်းမှုများကို မပြုလုပ်ရ။

**လွတ်လပ်စွာ အဖွဲ့အစည်း ဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်**

ကုန်ပေးသွင်းသူသည် လွတ်လပ်စွာအဖွဲ့အစည်း ဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်နှင့် ပါတ်သက်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

**ခွဲခြားဆက်ဆံခြင်း**

ကုန်ပေးသွင်းသူသည် ခွဲခြားဆက်ဆံမှုနှင့် ပါတ်သက်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

**လုပ်ခနှင့် ခံစားခွင့်များ**

ကုန်ပေးသွင်းသူသည် လုပ်အားခနှင့် ခံစားခွင့်များနှင့် ပတ်သက်သည့် သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

**အလုပ်ချိန်နှင့် အချိန်ပိုအလုပ်လုပ်ခြင်း**

ကုန်ပေးသွင်းသူသည် အလုပ်ချိန်နှင့် အချိန်ပိုအလုပ်လုပ်ခြင်းနှင့် ပါတ်သက်သည့် သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

**ကျန်းမာရေးနှင့်လုံခြုံမှု**

ကုန်ပေးသွင်းသူသည် ကျန်းမာရေးနှင့် လုံခြုံမှုနှင့် ပတ်သက်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

**သဘာဝပတ်ဝန်းကျင်**

ကုန်ပေးသွင်းသူသည် သဘာဝပတ်ဝန်းကျင်နှင့် ပါတ်သက်သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**စီးပွားရေးရိုးဖြောင့်မှု**

ကုန်ပေးသွင်းသူသည် သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံအဆင့် ဥပဒေများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည့်အပြင် လာဘ်ပေးလာဘ်ယူခြင်းနှင့် မသမာသော လုပ်နည်းများကို မပြုလုပ်ရ။

**နာခံမှုကို ပြခြင်း**

ကုန်ပေးသွင်းသူသည် ကိုကာကိုလာ ကုမ္ပဏီက တောင်းဆိုလာသည့်အခါ ကုန်ပေးသွင်းသူ လမ်းညွှန် မူဝါဒများနှင့် ညီညွတ်ကြောင်းကို ကျေနပ်လောက်အောင် ဖော်ပြနိုင်ရမည်။

အကယ်၍ နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်၏ အခြေခံ သဘောတူညီချက် ၈ ခု ပါ အချက်အလက်များသည် ဒေသတွင်း ဥပဒေက ပြဋ္ဌာန်းသော စံချိန်စံညွှန်းများထက် ကျော်လွန်နေပါက ကုန်ပေးသွင်းသူသည် နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ် (ILO) စံချိန်စံညွှန်းများကို ပြည့်မီအောင် ဖော်ဆောင်ရမည်။ ဖော်ပြပါ အနိမ့်ဆုံး လိုအပ်ချက်များသည် ကိုကာကိုလာ ကုမ္ပဏီနှင့် ယင်း၏ တိုက်ရိုက်နှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ထားသော ကုန်ပေးသွင်းသူများအကြား သဘောတူညီမှု၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ မိမိတို့သည် မိမိတို့၏ ကုန်ပေးသွင်းသူများအနေဖြင့် လုပ်ငန်းအတွင်း စီးပွားရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ကုန်ပေးသွင်းသူ လမ်းညွှန်မှုဝါဒများနှင့် ကိုက်ညီအောင် ဖန်တီးလုပ်ဆောင်မည်ဟု မျှော်လင့်သည်။

ကုမ္ပဏီအနေဖြင့် အခါအားလျော်စွာ သီးခြားလွတ်လပ်သော ဘေးပုဂ္ဂိုလ်များကို အသုံးပြု၍ ကုန်ပေးသွင်းသူများအနေဖြင့် ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒများကို လိုက်နာခြင်း ရှိမရှိကို စီစစ်တတ်ပါသည်။ လေ့လာစမ်းစစ်မှုများတွင် ယေဘုယျအားဖြင့် ဝန်ထမ်းများနှင့် အလုပ်ခွင်ရှိ ဝန်ထမ်းမဟုတ်သော အလုပ်သမားများအား လျှို့ဝှက်စွာမေးမြန်းခြင်းများ ပါဝင်သည်။ အကယ်၍ ကုန်ပေးသွင်းသူ အနေဖြင့် ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒပါ လိုအပ်ချက်များကို ထိန်းသိမ်းလိုက်နာရန် ပျက်ကွက်ခဲ့ပါက ပြုပြင်မှုအတွက် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်မည်ကို မျှော်လင့်ထားရပါမည်။ ကုမ္ပဏီ အနေဖြင့် ကုန်ပေးသွင်းသူ လမ်းညွှန်မူဝါဒများနှင့် မညီညွတ်သော ကုန်ပေးသွင်းသူများနှင့် ချုပ်ဆိုထားသော သဘောတူညီချက်များကို ပယ်ဖျက်နိုင်သော အခွင့်အာဏာ ရယူထားရှိပါသည်။

---

အချက်အလက်များ ပိုမိုသိရှိလိုပါက သို့မဟုတ် ဤလက်ကမ်းစာစောင်အား အခြား ဘာသာစကားများနှင့် ဖတ်ရှုလိုပါက မိမိတို့ ကျွန်ုပ်တို့၏ ဝက်(ဘ)ဆိုဒ်ကို သွားရောက်နိုင်ပါသည်။

www.thecocacolacompany.com

©၂၀၁၁ Coca-Cola ကုမ္ပဏီ